လက်စွပ်ကျကျေးရွာ

အုတ်တွင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်စွပ်ကျကျေးရွာ၊ အုတ်တွင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

## မာတိကာ

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**အပိုင်း(၁)    ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ**


(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျားမရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

**အပိုင်း(၂) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်အဆိုပြုလွှာ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား

## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

လက်စွပ်ကျကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် အတွင်းတည်ရှိပြီး လက်စွပ်ကျကျေးရွာအုပ်စု၏ အုပ်စုရွာဖြစ်ပါသည်။ အုတ်တွင်းမြို့ အနောက်ဖက် (၂)မိုင်ခန့်အကွာ တွင်တည်ရှိပြီး အုတ်တွင်း-ပေါက်ခေါင်းလမ်းမှခွဲထွက်သော အုတ်တွင်း-လက်စွပ်ကျ-ဆီဆုံကုန်းလမ်းပေါ်တွင် တည်ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် မြစ်ချောင်းများ မရှိ၍ ရေကြီးနစ်မြုပ်မှု အန္တရာယ်မရှိပါ။ လယ်ယာမြေများသည် ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်း ဖြစ်သော သီးနှံစိုက်ပျိုးရေး အတွက်အဓိက အားထားရာဖြစ်ပြီး ကျေးရွာရှိ စုစုပေါင်းစိုက်ကေများ ၏(၇၀%)ခန့်မှာ မြေဆီအရည်အသွေးအသင့်အတင့်ရှိပြီး (၃၀%)ခန့်မှာ မြေဆီအရည်အသွေးညံ့၍ သွင်းအားစုကုန်ကျစရိတ် ပိုမိုသုံးစွဲရပါသည်။ (၁၀%)ခန့်သော လယ်မြေ ကေများမှာ အနိမ့်ပိုင်းတွင် ရှိပြီး ရေနုတ်မြောင်းမရှိ၍ ရေနစ်မြုပ်ပြီး အထွက်နှုန်းလျော့နည်းသည့် အခြေအနေများ ကြုံတွေ့ နေရပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာအနီးတွင် မြစ်ချောင်းများမရှိသော်လည်း ခပေါင်းရေလှောင်တမံ၏ ဆည်ရေ သောက်ရေိယာတွင် ပါဝင်သောကြောင့် နွေစပါးစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် လယ်မြေကေ အသင့်အတင့်ရှိကာ မြေဆီအရည်အသွေး အသင့်အတင့်ကောင်းမွန်ပြီး မိုးစပါးနှင့် နွေစပါးကို အဓိကထား စိုက်ပျိုး၍ မတ်ပဲနှင့် မြေပဲအနည်းငယ်ကို ကုန်းကျသောမြေနေရာများတွင် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတ မထွက်ရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းအဖွဲ့အစည်းများမှာ ရပ်ရွာအကျိုးဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များဖြစ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုရှိကာ လှုပ်ရှားဆောင်ရွက်မှု အားကောင်းပါသည်။ ချေးငွေအဖွဲ့အစည်းများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းတို့ကဲ့သို့သောအစိုးရဌာနများ အပြင်LOLC၊ ဒွန်းကဲ့သို့သော ပုဂ္ဂလိကချေးငွေအဖွဲ့အစည်းများမှလည်း ချေးငွေဝန်ဆောင်မှုကိုရရှိနိုင်သည်။

## (၄)စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာအဓိကစီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ၌ လယ်မြေများတွင် မိုးစပါး၊ နွေစပါးနှင့်မတ်ပဲ၊ မြေပဲစသည့် သီးနှံတို့ကို စိုက်ပျိုးကြသည်။ ကျေးရွာတွင် လယ်မြေပိုင်မှု၊ ဈေးကွက်လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာ



များ အလွယ်တကူ ငှားရမ်းသုံးစွဲနိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့် အတင့် ကောင်းမွန်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

လယ်ယာစိုက်ပျိုးရေး အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် အိမ်ထောင်စု(၃၈%)ခန့်သည် ကျွဲများကိုမွေးမြူကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း အဖြစ်ဒေသဝက်များအား အိမ်ထောင်စု၏(၅၉%)ခန့်မှမွေးမြူကာ ဒေသကြက်မွေးမြူသူ အချို့လည်းရှိသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။

### (ဂ) ငါးလုပ်ငန်း

ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေအနေအထား အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။

### (ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်ကုန်စိမ်း/ခြောက်ရောင်းဝယ်ခြင်း၊ စက်ချုပ်ခြင်း၊ ခေါင်းရွက်ဗျက်ထိုး၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် အစိုးရဝန်ထမ်းတို့မှအပ အခြားဝင်ငွေရလုပ်ငန်းများ နည်းပါးသည်။ သို့သော် အလုပ်အားလပ်ချိန်များတွင် အပိုဝင်ငွေရလုပ်ငန်းဖြစ်သော အုတ်တွင်းမြို့၊

ကြယ်နီဆေးလိပ်ခုံမှ ဆေးလိပ်အငှားလိပ်ခြင်းဖြင့် တစ်ဦးလျှင်တစ်နေ့လုပ်အားခ ကျပ်(၂၀၀၀) ဝန်းကျင်ခန့် ရရှိနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လျှင် အတိုးနှုန်းပြား(၈၀)နှုန်းဖြင့် လယ်တစ်ဧကလျှင်ကျပ်(၁၅၀၀၀၀)ချေးယူနိုင်ပြီး တောင်သူ တစ်ဦးလျှင် အများဆုံးလယ်(၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ ထို့အပြင် မြို့နယ်သမဝါယမ အသင်းမှလည်း အတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ချေးယူနိုင်ပြီး ပုဂ္ဂလိကချေးငွေဝန်ဆောင်မှုအဖွဲ့များမှ တစ်ဦးလျှင် ကျပ်(၂၅၀၀၀၀)ခန့်အား အတိုး(၁)ကျပ်(၃၀)ပြားနှုန်းဖြင့် (၁၄)ရက်တစ်ပတ် အတိုးအရင်း ပေးသွင်းခြင်းစနစ်ဖြင့်လည်း ချေးယူနိုင် သည်။

**(စ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းများမှာ ၂၀၁၃-၂၀၁၄ခုဘဏ္ဍာရေးနှစ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ချောလမ်း လမ်း(၂/၇.၅)မိုင် အားခင်းပေးထားပြီး ဖြစ်ပါသည်။ ရေလမ်းခရီးကို အသုံးပြုခြင်း မရှိပဲ လမ်းပန်း



ဆက်သွယ်ရေးအတွက် စက်ဘီး (၉၈)စီး၊ မော်တော်ဆိုင်ကယ်(၁၁၅)စီး၊ ထော်လာဂျီ(၁၄)စီးနှင့် ကား(၂)စီးတို့ကိုအသုံးပြုပြီး လယ်ယာထွက်ကုန်များ သယ်ယူရန်အတွက် နွားလှည်း(၅၄)စီးကို အသုံးပြုလျှက်ရှိသည်။ လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် မီးလင်းရေး လုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပြီး ယခုအခါရန်ပုံငွေကျပ်သိန်း(၁၈၀)ခန့်အသုံးပြု၍ ကျေးရွာ အတွင်း(400V)လိုင်း ဆွဲနိုင်ရန်အတွက် ကျောက်တိုင်များစိုက်ထူထားပြီးဖြစ်ပါသည်။ မိုးဘိုင်း ဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပြီး အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ကာ သတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။ ဂျာနယ်နှင့် စာစောင်တို့ကိုလည်း အလွယ်တကူဝယ်ယူဖတ်ရှုနိုင်ပြီး တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

**(ဆ) ပညာရေး**

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး ကျောင်းသား/သူ(၁၈၀)ဝန်းကျင်ခန့်ရှိကာ ဆရာ/ဆရာမ(၆)ဦးမှ သင်ကြားပေးလျှက်ရှိပြီး ကျောင်းသား၊ဆရာအချိုး (၄၀း၁)အောက် ရှိသော်လည်း တန်းခွဲ(၇)ခုတွင် ဆရာ(၆)ဦးသာရှိ၍ အတန်းထိန်းသိမ်းနိုင်မှုအားနည်းခြင်း၊ ထိရောက်သော သင်ကြားပေးမှုများမပြုလုပ်နိုင်ခြင်း စသောအခက်အခဲများရှိပါသည်။ စာသင်ဆောင်အဖြစ် အခန်း (၅)ခန်းပါရှိသော (၁၀၀'x၃၀') အုတ်နံရံကာ၊ သွပ်မိုး၊ ပျဉ်ခင်းနှစ်ထပ်ကျောင်းဆောင် (၁)ဆောင် နှင့် ကျေးရွာမှယခုနှစ်တွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော(KG) ကျောင်းဆောင် (၁)ဆောင်သာရှိပြီး နှစ်ထပ်ကျောင်းဆောင်မှာ နှစ်ကာလ ကြာမြင့်ခြင်းနှင့် ရာသီဥတုဒါဏ်တို့ကြောင့် ဆွေးမြေ့ပျက်စီးနေပြီး (၇)တန်းကျောင်းသူ/သားများအား သင်ကြားပေးနိုင်ခြင်းမရှိဘဲ အုတ်တွင်း မြို့၊ အထက်တန်းကျောင်းကြီးတွင် သွားရောက်ပညာသင်ကြားစေရ ခြင်းဖြစ်ပါသည်။ ကျောင်းခြံ စည်းရိုး ကာရံနိုင်မည်ဆိုပါက ကျောင်းသား/သူများ ဘေးကင်းလုံခြုံစွာဖြင့် ပညာ သင်ကြားနိုင်မည် ဖြစ်ပါသည်။

ရွာသူ/သားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင်သည့် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းတွင်းပရိဘောဂလုံလောက်မှုရှိပြီး ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသူ/သားများအား ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ပံ့ပိုး ပေးခဲ့သည်။ အဟာရတိုက်ကျွေးမှုအဖြစ် အနည်းဆုံးတစ်လ တစ်ခါခန့်တိုက်ကျွေးမှု ရှိပါသည်။

**(၇) ကျန်းမာရေး**

ကျေးရွာသူ/သားများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှရရှိနိုင်ပြီး (၂)မိုင်ခန့်ဝေးသော အုတ်တွင်းမြို့ရှိ မြို့နယ်ပြည်သူ့



ဆေးရုံနှင့် (၁၂)မိုင်ခန့်ကွာဝေးသော တောင်ငူအထွေထွေရောဂါကု ဆေးရုံကြီးတို့တွင်လည်း ရရှိနိုင်ပါသည်။

သောက်သုံးရေအဖြစ် အဝီစိတုံကင်မှရေကိုအများဆုံးအသုံးပြုကြပြီး ရေတွင်းနှင့် အဝီစိ စက်တပ်တို့ကိုအသုံးပြုသူအချို့လည်းရှိပြီး ရေအရည်အသွေးအသင့်အတင့်ကောင်းမွန်ကာ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာသုံးစွဲနိုင်ပါသည်။

အိမ်သာသုံးစွဲမှုတွင် အများစုမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ ဝါးဖြင့်ရက်လုပ်ထားသော ရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲ ကြပါသည်။ ထို့အပြင် Social Vision Service (SVS) အဖွဲ့အစည်းမှလည်း တောထိုင်စနစ်

ကင်းစင်ရေး၊ သန့်ရှင်း၍စနစ်ကျသော အိမ်သာသုံးစွဲမှုဓလေ့ ကျင့်သုံးစေရေး အသိပညာပေး ဟောပြောခြင်းအစီအစဉ်များ၊ စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ပေးခြင်းကြောင့် ဆက်စပ်ဖြစ်ပွါး တက်သောရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းရှိ (၄)ခန်းတွဲကျောင်းအိမ်သာမှာ ပျက်စီးနေပြီး ကျောင်းသူ/သားများ အသုံးပြုရန်အတွက် အခက်အခဲရှိနေပါသည်။

**(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာသည် ကုန်းတွင်းပိုင်းတွင်ရှိ၍ ဆာငံရည်ဝင်ရောက်မှုနှင့် ရေကြီးနစ်မြုပ်မှု အန္တရာယ်များမရှိပါ။ မိုးဦးကာလများတွင် လေပြင်းတိုက်ခတ်မှုများရှိသော်လည်း ဆိုးရွားစွာ ထိခိုက်ခြင်းမျိုးမရှိပါ။

စွန့်ပစ်ပစ္စည်းများစနစ်တကျ စီမံခန့်ခွဲမှုမရှိ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးသင့်သည်။

**(၉) ကျား– မ ရေးရာ**

ကျား–မဆိုင်ရာ ဆက်နွယ်မှုအနေအထား ကောင်းမွန်ပြီး မိသားစုအတွင်းကျား–မ အခန်းကဏ္ဍ အသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြကာ အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်းကိစ္စများ မရှိပါ။

ပညာရေးဆိုင်ရာကိန်းဂဏန်းများတွင် (ကျား)ဦးရေမှာ (မ)ဦးရေထက် အနည်းငယ် ပိုများပါသည်။ကျေးရွာစီမံအုပ်ချုပ်မှုကိစ္စများတွင်အမျိုးသမီးများပါဝင်ဆောင်ရွက်မှု မရသော်လည်း သာရေး/ နာရေးကိစ္စများနှင့် လူမှုရေးအသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။



**(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပြီး ကျေးရွာလူထုမှ အမှတ်ပေး စနစ်ဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးစီမံချက်အစီအစဉ်များကို ဖော်ထုတ်ထား ပါသည်။ အချို့စီမံချက်များကို အကောင်အထည်ဖော်ရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြား လူမှုအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ၊ အခြားအထောက်အပံ့များ ရရှိရန်လည်း

လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**ပေါက်တောကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈–၂၀၁၉ | ၂၀၁၉–၂၀၂၀ | ၂၀၂၀–၂၀၂၁ | ၂၀၂၁–၂၀၂၂ | ၂၀၂၂–၂၀၂၃ |
|---|---|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်း | ၁ | Â | | | | |
| ၂ | လျှပ်စစ်မီးရရှိရေး | ၂ | | Â | | | |
| ၃ | စာသင်ကျောင်းရရှိနိုင်ရေး | ၃ | | | Â | | |
| ၄ | စာကြည့်တိုက်ဆောက်လုပ်နိုင်ရေး | ၄ | | | | Â | |
| ၅ | ကျေးလက်ဆေးပေးခန်းရရှိရေး | | | | | | Â |

## လက်စွပ်ကျကျေးရွာ၊ လက်စွပ်ကျကျေးရွာအုပ်စု

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ဌေး | ဦးဖူးညို | ၇/အတန(နိုင်) ၀၃၆၅၃၁ | ၆၄ | ဥက္ကဋ္ဌ | ၀၉-၄၂၈၁၆၈၇၁၈ |
| ၂ | ဦးမျိုးမြင့် | ဦးကျော်ခင် | ၇/အတန(နိုင်) ၀၂၃၇၆၂ | ၆၂ | အတွင်းရေးမှူး | ၀၉-၇၈၈၁၀၄၉၉၆ |
| ၃ | ဦးခင်မောင်ဝင်း | ဦးအောင်သန်း | ၇/အတန(နိုင်) ၀၃၆၀၉၈ | ၆၀ | ဘဏ္ဍာရေးမှူး | ၀၉-၄၂၈၁၆၈၇၄၄ |
| ၄ | ဦးစိန်ကုလား | ဦးဖြူ | ၇/အတန(နိုင်) ၀၃၆၂၇၉ | ၅၄ | အဖွဲ့ဝင် | ၀၉-၄၂၈၁၆၇၈၃၄ |
| ၅ | ဦးစိန်ဝင်း | ဦးချစ်မောင် | ၇/အတန(နိုင်) ၀၃၆၅၆၀ | ၅၆ | အဖွဲ့ဝင် | - |
| ၆ | ဦးဝင်းနိုင်ဦး | ဦးတင်ထွန်း | ၇/အတန(နိုင်) ၀၃၆၄၂၃ | ၄၆ | အဖွဲ့ဝင် | ၀၉-၄၅၁၆၃၁၂၈၂ |
| ၇ | ဒေါ်လေးလေးခိုင် | ဦးထွန်း | ၇/အတန(နိုင်) ၀၃၆၅၅၈ | ၅၂ | အဖွဲ့ဝင် | - |
| ၈ | ဒေါ်ရွှေ | ဦးငယ်လေး | ၇/အတန(နိုင်) ၀၃၆၀၆၃ | ၅၉ | အဖွဲ့ဝင် | - |
| ၉ | ဒေါ်နှင်းနုအောင် | ဦးဌေးအောင် | ၇/အတန(နိုင်) ၁၃၁၈၁၁ | ၃၆ | စာရင်းကိုင် | ၀၉-၉၆၃၁၁၁၇၆၃ |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၈ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၁ | ၂၇ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၃၃ | ၇၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၄၄ | ၈၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၅ | ၂၉၅ | ၅၈၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၂၈ | ၅၀ |
| **စုစုပေါင်း** | | **၄၂၉** | **၄၃၅** | **၈၆၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၆** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းရှိ ကျားဦးရေနှင့် မဦးရေသည် ကွာခြားမှု အနည်းငယ်သာရှိ ပြီး စုစုပေါင်းလူဦးရေ၏(၆၇%)ခန့်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များဖြစ်၍လူ့စွမ်းအားအရင်း အမြစ် ကောင်းမွန်သော ကျေးရွာဖြစ်သည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၅၉၇ | သင့် | ရ | မိုးရေ/ဆည်မြောင်း |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၅၉၇ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာရှိ စိုက်ပျိုးမြေဧကအားလုံးသည်

လယ်မြေများဖြစ်ကြပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိကာ စိုက်ပျိုးရေအဖြစ် မိုးရေနှင့် ဆည်ရေကို အသုံးပြုနိုင်သည်။

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | - |
| **အခြားသဘာဝအရင်းအမြစ်** | | - |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | မရှိ | - |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် ဓါတ် သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များထူးထူးခြားခြားမတွေ့ရှိရပါသည်။

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း |
| ၂ | သာရေး၊ နာရေး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၃ | ကျောင်း ကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး ☑ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် |
| ၄ | လမ်း ကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် |
| ၅ | မီးကော်မတီ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည်

လူမှုရေးအဖွဲ့အစည်းများသာဖြစ်ပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုများ ကောင်းမွန်၍ ကျေးရွာအ တွက် များစွာအထောက်အပံ့ရရှိပါသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေအထက် | ၅ကေ | ၂ကေ | - |
| အိမ်အခြေအနေ | ပျဉ်ထောင်/သွပ်မိုး | အုတ်ခုံခံ | သွပ်မိုး/ထရံကာ | ထရံကာ/ဝါးညှပ် |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | - | - | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်/မွေး | စိုက်/မွေး | စိုက်ပျိုး/ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | ၁၉ | ၄၆ | ၉၃ | ၄၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် ဥစ္စာဓနအဆင့် အခြေအနေအရ မပြေလည်သောအိမ်ထောင်စုအများအပြားရှိသော်လည်း ဆိုးရွားစွာထိခိုက်နိုင်မှု အခြေအနေမရှိပါ။

**(၄.၂) သီးနှံထုတ်လုပ်ရေး**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှု အရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၀ | ၄၈.၅၄% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၃ | ၁၁.၁၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၃၈ | ၁၈.၄၅% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၄၅ | ၂၁.၈၄% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | - | - | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၂၀၆ | - | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ကျေးရွာရှိအိမ်ထောင်စုများ၏ ထက်ဝက်ခန့်မှာ မြေယာမဲ့များဖြစ်ပြီး တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်သား များအဖြစ် လုပ်ကိုင်ကြသည်။ အုတ်တွင်းမြို့အနီးတွင်ရှိ၍ ကျေးရွာတွင်သာမက မြို့ပေါ်သို့သွား ရောက်၍ ကျဘာမ်းလုပ်ကိုင်ကြသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၅၉၇ | တင်း | ၅၀ | ၁၀၀ | ၇၀ | သင့် |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |
| - | - | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏ စုစုပေါင်းစိုက်ဧကမှာ ဧက၅၀၀ကျော်ရှိပြီး နွေစပါး၊ မိုးစပါး (၂)မျိုး စိုက်ပျိုးနိုင်သည်။ ယခင်က မတ်ပဲစိုက်ပျိုးမှု ရှိခဲ့သော်လည်း ယခုအခါ စပါးတစ်မျိုးတည်းသာ စိုက်ပျိုး ကြသည်။ စိုက်ပျိုးရေ ရရှိမှု လွယ်ကူပြီး မြေဆီအသင့်အတင့် ကောင်းမွန်သဖြင့် အကျိုးအမြတ်ရရှိမှု အနေဖြင့် အသင့်အတင့်ရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | - | - |
| နို့စားနွား | - | - |
| ကျွဲ | ၇၉ | ၁၆၃ |
| မြင်း | ၁ | ၂ |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဝက် | ၁၂၁ | ၂၆၇ |
| ကြက် | ၁၆ | ၂၃၅ |
| ဘဲ | ၂ | ၁၁ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်၍ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် ကျွဲကိုမွေးမြူကြပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရန် ဝက်နှင့်ကြက်များအား တပိုင်တနိုင်မွေးမြူကြသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၁ | ၁ | - | - |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | ၃ | - | - |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | - | ၂ | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၆ | - | ၆ | - |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း | ၂ | - | ၂ | - |

| | | | | | |
|---|---|---|---|---|---|
| | (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | ၄ | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၌သာ အဓိကလုပ်ကိုင်ကြပြီး အခြားလုပ်ငန်းလုပ်ကိုင်သူနည်းပါးပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အုတ်တွင်းဈေး | တောင်ငူဈေး |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑<br>၂၀ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☑ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☑ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကုန်စည်ဝယ်ယူရန်အတွက် အနီးဆုံးတွင် အုတ်တွင်းမြို့မဈေးရှိပြီး အချို့ ကုန်စည်များအား တောင်ငူမြို့သို့သွားရောက်ဝယ်ယူကြသည်။ ကုန်ပစ္စည်းများသယ်ယူရန် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများအား အသုံးပြုကြသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☑ ၄☐ ၅☐ | ကောင်း☑ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာချင်းဆက်လမ်းဖြစ်သော အုတ်တွင်း–လက်စွပ်ကျ–ဆီဆုံကုန်းလမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး အသင့်အတင့် ကောင်းမွန်သော်လည်း ကျေးရွာတွင်းလမ်းများမှာ မြေသား လမ်းဖြစ်၍ မိုးရာသီတွင်သွားလာရ ခက်ခဲပါသည်။ ကိုယ်ထူကိုယ်ထပြုပြင်မှုများ ရှိသောလည်းပြုပြင်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

### (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြုပါ။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | ၂ | ၉၈ | ၁၁၅ | - | ၁ | ၂ | - | ၅၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာထွက်ကုန်များ သယ်ယူရန်၊ ထော်လာဂျီများနှင့် ကားများအား အသုံးပြုကြသည်။

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၇၈ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၂ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၁၂၆ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆိုလာစနစ်သုံးစွဲသူများရှိပြီး အခြားမီးသုံးစွဲမှုအဖြစ် ဘတ္တရီအားသွင်းစနစ်၊ ဓါတ်ခဲမီးနှင့် ဖယောင်းတိုင်မီးများ သုံးစွဲကြသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ် မီးသုံးစွဲနိုင်ရန်အတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာတွင်း (400 V)လိုင်းအတွက် ဓါတ်တိုင်အချို့ စိုက်ထူထားပြီး ရန်ပုံငွေမလုံလောက်၍ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၇၅ | ၄၄ | ၄၄ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဖုန်းအသုံးပြုမှု လွယ်ကူခြင်း၊ တီဗွီနှင့် ရေဒီယိုများ သုံးစွဲနိုင်ခြင်း တို့ကြောင့် သတင်းအချက်အလက်ရရှိမှု လွယ်ကူပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၆ | ၃၉ | ၈၅ |
| အလယ်တန်း | ၂၈ | ၂၁ | ၄၉ |
| အထက်တန်း | ၁၄ | ၁၁ | ၂၅ |
| တက္ကသိုလ်/ကောလိပ် | ၅ | ၉ | ၁၄ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောင်းနေအရွယ်ခလေးများအားလုံးနီးပါးမှာ ကျောင်းတက်နေကြ၍ ပညာရေး အခြေအနေကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☑<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၃၀၀၀ စ/ပေ | | |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☑ သင့်☑ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☑ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၅ | ၆ | – | – | – | – | – | – |
| ကျေးရွာခန့် | – | – | – | – | – | – | – | – | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘာဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလွန်အဆင့် စာသင်ကျောင်းရှိပြီး ကျောင်းဆောင်ပြုပြင်ရန် လိုအပ်ကြောင်းတွေ့ရသည်။ အလယ်တန်းနှင့် အထက်တန်းပညာအား အုတ်တွင်းမြို့ရှိ အထက်တန်းကျောင်း တွင် သွားရောက်သင်ယူကြ ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ

ရေး႒ာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ရောဂါဖြစ်ပွားမှု ထူးထူးခြားခြားမရှိပါ။ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ရှိသော်လည်း ဆိုးရွားစွာထိခိုက်နိုင်မှု မရှိပါ။

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | Â | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကျေးရွာရှိ ကျေးလက်ကျန်းမားရေးဌာနခွဲမှ (၁)လ (၁)ခါ ကာကွယ်ဆေးထိုးနှံမှု၊ တိုက်ကျွေးမှုများ ပြုလုပ်ပေးပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အခန်းကုတင် လုံလောက်မှုမရှိပါ။ သို့သော် ရောဂါအခြေအနေထူးခြားပါက အုတ်တွင်းမြို့နယ်ဆေးရုံသို့ အလွယ်တကူ သွားရောက် ကုသနိုင်သည်။

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၉ | ကောင်း☐ သင့်☑ ညံ့☐ | လုံလောက် |
| အဝီစိတွင်း/ စက်တပ် | ၁၂ | ကောင်း☐ သင့်☑ ညံ့☐ | လုံလောက် |
| အဝီစိတွင်း/ တုံကင် | ၁၇၅ | ကောင်း☐ သင့်☑ ညံ့☐ | လုံလောက် |
| မိုးရေ သိုလှောင်ကန် | – | ကောင်း☐ သင့်☐ ညံ့☐ | – |
| မြစ်/ချောင်းရေ | – | ကောင်း☐ သင့်☐ ညံ့☐ | – |
| ရေကန် | – | ကောင်း☐ သင့်☐ ညံ့☐ | – |
| စိမ့်စမ်းရေ | – | ကောင်း☐ သင့်☐ ညံ့☐ | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ သုံးစွဲနေသောရေတွင်း၊ အဝီစိစက်တပ်နှင့် အဝီစိတုံကင်များရှိ ရေများမှာ အရည်အသွေးအသင့်အတင့်ရှိပြီး နွေ၊ မိုး၊ ဆောင်း ရာသီအားလုံး၌ လုံလောက်စွာရရှိနိုင်ပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | – |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၀၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | – |
| တွင်းမရှိ အိမ်သာ | – |
| အိမ်သာမရှိ | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာကိုသာ သုံးစွဲကြပြီး အချို့မှာ

အိမ်သာတစ်လုံးအား အိမ်ထောင်စု(၂)စု၊(၃)စု သုံးစွဲကြပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲခြင်း နှင့် တောထိုင်စနစ်မရှိပါ။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | - |
| ၃ | ရေကြီးခြင်း | - |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှော | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ထိခိုက်နိုင်သော ဘေးအန္တရာယ်များမရှိပါ။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | လတ် | - |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြေဆီဩဇာထိခိုက်မှု အန္တရာယ် အနည်းငယ်ရှိ၍ အခြားထိခိုက်မှု အန္တရာယ်များ

မရှိပါ။

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှုမရှိ သော်လည်း အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက် ကြပါသည်။